# “မုန်တိုင်းစစ်လျှင်”

## Safe in the Storm

မနေ့ညက ကျွန်ုပ်တို့၏ အိမ်ကိုလှုပ်ခါသွားစေသော မိုးခြိမ်းသံများ၊ ကောင်းကင်တပြင်လုံး ဝင်းလျက်နေသည့် လျှပ်စီးများကြောင့် ကျွန်ုပ်သည်အိပ်၍ မပျော်နိုင်ဘဲ တောင်စဉ်ရေမရတွေးကာ လှဲနေမိသည်။ ၂နှစ်အရွယ် သမီးငယ်လေးဂျိတ်သည်လည်း အိပ်မောကျနေရာမှ ကပ်လျက်အခန်းမှ ပေါက်ကွဲလိုက်သလို မြည်ဟီးလိုက်သည့် မိုးခြိမ်းသံတစ်ချက်ကြောင့် လန့်နိုးလာသည်။ ထိုမိုးခြိမ်းသံတစ်ချက်ကြောင့် အိမ်နီးချင်းများလည်း နိုးလာကြရပြီ ထင်သည်။ အားလုံးနီးပါး ပြန်၍အိပ်ပျော်နိုင်ကြသော်လည်း ကျွန်ုပ်နှင့် ဂျိတ်မှာကား အိပ်မပျော်နိုင်တော့ပါ။

နောက်ထပ်မိုးခြိမ်းသံ တစ်ချက်နှစ်ချက် ကြားလိုက်ရသောအခါတွင်မူ ဂျိတ်သည် ကျွန်ုပ်၏အိပ်ရာထဲသို့ ရောက်လာကာ ကျွန်ုပ်ရှိမရှိ သေချာစေရန် တိုးဝှေ့ပူးကပ်လာတော့သည်။ သမီးကလေးသည် ကျွန်ုပ်အပါးသို့ တိုးဝှေ့၍ဖြစ်စေ သူမနှင့်ကျွန်ုပ်ကွာသွားလျှင် ကျွန်ုပ်၏လက်မောင်းကိုဆွဲကာ သူမအပါးသို့ တိုးကပ်လာစေ၍ဖြစ်စေ၊ ငြိမ်သက်ပြီး လှဲနေရသည်ကို သဘောကျနေပါသည်။ “ဖေဖေ သမီးက ဖေဖေရှိမှဖြစ်မယ်” ဟူသော ကလေးတစ်ဦး၏ ပြောစကားကို ကြားရခြင်းကြောင့် မယုံနိုင်အောင်ပင် စိုးရိမ်သွားခဲ့ရပါသည်။ ထိုစကားကို ဂျိတ်ကအမြဲသုံးလေ့ရှိပြီး ကျွန်ုပ်ဘာကြောင့် သူမနှင့်အတူ ရှိနေရသည်ကို ထိုစကားက အမြဲတန်းသတိပေးနေပါသည်။

ဂျိတ်သည် ကျွန်ုပ်အားမည်မျှလိုအပ်သည်ကို လဲလျောင်း၍တွေးကြည့်ရင်းကပင် ကျွန်ုပ်လိုအပ်သည့်အခါတွင် ကျွန်ုပ်နှင့်အစဉ်နေပေးသော ကောင်းကင်ဘုံမှ ဘုရားသခင်ကို ကျွန်ုပ်မည်မျှ ကျေးဇူးတင်ကြောင်းကိုပါ စဉ်းစားနေခဲ့မိသည်။ လွန်ခဲ့သောနှစ်က ကျွန်ုပ်၏ဘဝတွင် မိုးခြုန်းသံကဲ့သို့ ပြင်းထန်သော ဘဝမုန်တိုင်းများထန်ခဲ့ပါသည်။ များသောအားဖြင့်မူ အလွန်အမင်း ထိတ်လန့်စိုးရွံ့ဖွယ် မဖြစ်ခဲ့သော်လည်း ဘုရားသခင်သည် ကျွန်ုပ်အားသူ၏ နှလုံးသားနားအထိ ဆွဲယူကာ ရင်ခွင်ထဲတွင် ထွေးပွေ့ထားသည်ကို တပ်အပ်သေချာစွာ သိရှိလာစေပါသည်။ ကျွန်ုပ်အတွက် လုပ်စရာရှိသည်မှာကား အေးဆေးတည်ငြိမ်စွာ လဲလျောင်း၍ ဘုရားသခင်အား ယုံကြည်ကိုးစားရေးပင် ဖြစ်ပါသည်။

မုန်တိုင်းနှင့် အမှောင်တိုက်တို့သည် အချိန်တန်လျှင် ငြိမ်သက်ပျောက်ကွယ်သွားပြီး နေမင်း၏ရောင်ခြည် ထွန်းလင်းလာလိမ့်မည်ဟု ကျွန်ုပ်က ဂျိတ်ကို သေချာစွာအာမခံနိုင်စွမ်း ရှိသကဲ့သို့ ဘုရားသခင်ကလည်း ကျွန်ုပ်အား သူ၏ထက်သန်မြဲ ရှင်သန်မြဲဖြစ်သော ချစ်ခြင်းမေတ္တာနှင့် စောင့်ရှောက်မှုကို သေချာစွာအာမခံပေသည်။

(ဂေဘီ ရပ်ကာ)<br>
(By. Gabe Rucker)

# “ခွဲမြဲသောယုံကြည်မှု”

## Trust Even in the Darkness

ဘုရားသခင်က “ငါ့ညီကိုတို့ သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက် အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်း သက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ သင်တို့သည်  အလျင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည့်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ” ဟု မိန့်တော်မူသည်။ (ရှင်ယာကုပ်သြဝါဒစာ ၁း ၂-၄) သင်သည် မည်သည့်အခက်အခဲကို ကြုံတွေ့ပါစေ ဘုရားသခင်က သင့်အတွက် ဖန်တီးပြုလုပ်ထားခြင်းသာဖြစ်သဖြင့် ဘုရားသခင်အား ယုံမှတ်အပ်နှံပါလေ။

ဘုရားသခင်၏ သားတော်သမီးတော်တိုင်း ပြုကြရမည်ကဲ့သို့ ဘုရားသခင်ကို ယုံကြည်ပါ။ ထိုဘုရားသားတော် သမီးတော်တို့သည် အမှောင်လမ်းကို ဖြတ်သန်းရလျှင်လည်း ယုံကြည်သည်။ မုန်တိုင်းထဲသို့ တိုးဝင်ရလျှင်လည်း ယုံကြည်သည်။ ခရောင်းလမ်းကို ဖြတ်သန်းရပါကလည်း ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူတို့အား ထိုအမှောင်လမ်းထဲမှ ဖြတ်သန်း၍ သာယာသောနေ့၏အလင်းကို ပို့ဆောင်ပေးခဲ့သောကြောင့် သူတို့ယုံကြည်ခြင်းဖြစ်ပေသည်။ သူတို့လျှောက်လှမ်းသော ခရောင်းလမ်း၏အဆုံးတွင် သူတို့၏အားထုတ်မှုကြောင့် “ယခုအခါ ခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေတတ်၏” (ကောရိန္သုသြဝါဒစာ ဒုတိယစောင့် ၄း၂၇)

ထို့ကြောင့် ကြမ်းတမ်းခက်ခဲသောအချိန်၊ မုန်တိုင်းထန်သော အခိုက်အတန့်တွင်ဖြစ်စေ၊ ညအမှောင်ပိုပြီး သိပ်သည်းလာ၍ စိတ်အားငယ်လာသော ကာလတို့တွင်ဖြစ်စေ “ငါတို့မျက်မှောက်၌ထားသော ပန်းတုံးတိုင်သို့ရောက်ခြင်းငှာ အားမလျော့ဘဲ ပြေးကြကုန်အံ့။ ယုံကြည်ခြင်းကို အစဦးစီရင်၍ စုံလင်စေတော်မူသော ယေရှုကိုစေ့စေ့ထောက်ရှုကြကုန်အံ့” (ဟေဗြဲသြဝါဒစာ ၁၂း၂) ထိုအခိုက်တွင် ဂျီးဆက်သည် သင်နှင့်အတူ ရှိနေပါသည်။ အမှောင်လမ်းတွင် သင်နှင့်အတူ လှမ်းနေပါသည်။ ခရောင်းတောကို သင်နှင့်အတူ ကျော်ဖြတ်နေပါသည်။ သမုဒ္ဒရာကို သင်နှင့်အတူ ကူးဖြတ်နေပါသည်။ သူသည် သင်နှင့်မကွေမကွင်းရှိနေခြင်းမှာ သူကသင့်ကို ချစ်သောကြောင့် ဖြစ်သည်။ သင့်ကိုဆွဲယူ ကယ်တင်ရန် သင်နှင့်အတူ ရှိနေခြင်းဖြစ်သည်။ အမှောင်ထဲတွင် သူ့ကိုယုံကြည်ပါ။ အာရုဏ်ဦးတွင် အောင်မြင်မှုကို ကြုံတွေ့ရပါမည်။

(ဒေးဗစ် ဘရန့်တ် ဘာ့ဂ်)<br>
(By. David Brandt Berg)

# “ဂျီးဆက်၏ လုံခြုံသောရင်ခွင်ဝယ်”

## Safe in the Arms of Jesus

* ဂျီးဆက်၏ လုံခြုံသောရင်ခွင်တွင်
ခေါင်းတင်မှေးမှိတ်၍
သူ၏မေတ္တာ အာဝါသရိပ်အောက်၌
ကျွန်ုပ်၏ ဝိညာဉ်သည် ငြိမ်းအေးစွာနားစက်ပါအံ့။

* ကျယ်ပြောသော ပင်လယ်နီထက်မှ
ကျက်သရေရှိသော သီချင်းတစ်ပုဒ်ကို
နတ်သားလေးများက
ကျွန်ုပ်အတွက် သီကျူးသံကို ကြားရသည်။

* ဂျီးဆက်၏လုံခြုံသော ရင်ခွင်တွင်
ခေါင်းတင်မှေးမှိတ်၍
သူ၏မေတ္တာအာဝါသရိပ်အောက်၌
ကျွန်ုပ်၏ဝိညာဉ်သည် ငြိမ်းအေးစွာနားစက်ပါအံ့။

* ဂျီးဆက်၏လုံခြုံသောရင်ခွင်တွင်
ဆွေးမြည့်ပျက်ယွင်းမှုမရှိသော ကရုဏာတော်ကြောင့်
လောက၏ သောကတောမှကင်းဝေးလျက်
မည်သည့်ဘေးမျှ ကျွန်ုပ်ကိုအန္တရာယ်မပြုနိုင်ပါ။

* ပရိဒေဝမီး ငြိမ်းအေးပြီး
အကြောက်တရားနှင့် မှောက်မှားမှုတို့ လွတ်ကင်းအောင်
ချွေးများများထွက်မှ
သွေးထွက်နည်းရပေမည်။

* ကျွန်ုပ်၏ ဒုက္ခသည်အဖြစ်
ကျွန်ုပ်ကိုယ်စားအသက်ပေးသော ဂျီးဆက်ကို
နှစ်ပဋိစ္ဆေဒ ရေတွက်မရသည့်တိုင်
သူ့အပေါ်တွင် ကျွန်ုပ်ယုံကြည်လိမ့်မည်။

* .ညအမှောင်လွန်မြောက်ပြီး
နေ့အလင်းအောက်တွင်
ရွှေရောင်လွှမ်းသော ကမ်းခြေကိုမြင်ရသည့်တိုင်
ကျွန်ုပ်အား စိတ်ရှည်မှုဖြင့် စောင့်ဆိုင်းခွင့်ပေးတော်မူပေသည်။

(ဖင်နီခရော့စ်ဘီ)
(By. Fanny Crosby 1820 - 1915)